(ယူးတွဲ - ၄ ကာ)
A4A

ဘာသာရေး သင်္ကေတ

ဘာသာရေး သင်္ကေတနှင့် ပတ်သက်၍ နိဒါန်းပြောကြား

ဝန်ကြီးချုပ် ဦးနု၏

၁၉၅၄ - ခုနှစ် စက်တင်ဘာလ ၂၅ - ရက်နေ့ ညဘအသံလွှင့် ရှင်းလင်းချက်

ဘာသာရေး သင်္ကထာ

ဘာသာရေး သခ်ၤာက်မ်းစာနဲ့ ပတ်သက်၍ နိုင်ငံတော်
ဝန်ကြီးချုပ် ဦးနု၏
၁၉၅၄ - ခုနှစ် စက်တင်ဘာလ ၂၅ - ရက်နေ့ ညဘအသံလွှင့် ရှင်းလင်းချက်

စာလေဆရာကြီး ဦးပညာက 'အိမ်တောင်ပြုဘုရားတည် ဆေးမင်ရည် စုတ်ထိုး ဒီသုံးခု ချက်မပိုင်ရင် နောင်ပြုနိုင်ခဲသည်အမျိုး' လို့ ကမျာစပ်ဆိုရေးသားခဲ့ဘူးပါတယ်။

အမှန်စင်စစ်ဆိုရင် ကနဦးက ချက်မပိုင်ရင် နောင်ပြုနိုင်ခဲတဲ့ အမျိုးအမည်များဟာ ဒီသုံးခု သာမကသေးပါဘူး အမြောက်အမြားပင်ရှိပါသေးတယ်။

ဥပမာတိုက်တံလုံးကိုဆောက်တယ် ဆိုကြပါစို့ ဒီတိုက်ကို အုပ်မြစ်ချကထဲက တိုက်ဆောက်သတွေ့ဟာ ချက်ပိုင်အောင် လုပ်ကြရပါတယ်။ အဲဒီအုပ်မြစ်ချရမဲ့နေရာမှာ တဖက်ကမြေမာပြီး တဖက်ကမြေတွေ့နေရင် အားလုံးမြေတွေ့ ညီတူညီမျှဖြစ်အောင် ညှိပေးရပါတယ်။

တွင်းတို့ချိုင့်တို့ရှိပြန်ရင်လဲ အခြားဘက်တွေနဲ့ ညီအောင် ဒီတွင်းတွေချိုင့်တွေကို အခြားတဖက်က မြေတွေနဲ့ ညီအောင် လိုအပ်တဲ့ နည်းတွေနဲ့ ဖြည့်ပေးကြရပါတယ်။

အဲဒီလိုအုပ်မြစ်ချရမဲ့ နေရာအားလုံးကို ညီညွတ်အောင်လုပ်ပြီးမှ တိုက်ဆောက် ကြပါတယ်။ ဒီလိုကနဦးကချက်ပိုင်အောင်မလုပ်ဘဲ သာမန်ကာရှိုးကာတိုက်ဆောက်လုပ်မယ်ဆိုရင် ဒီတိုက်ဟာ မြေပျော့တဲ့ဘက်ကသော်၎င်း တွင်းတွေချိုင့်တွေ ရှိတဲ့ဘက်ကသော်၎င်း မကြာခင်စပြီးပို့မှာဘဲ။

အဲလိုဘဲ နိုင်ငံတနိုင်ငံကို တည်ဆောက်တဲ့နေရာမှာလဲ ကနဦးကဘုရားချက်မိုင်အောင်လုပ်ရတယ်။ ဒီတိုက်ဆောက်တဲ့နေရာမှာ အုပ်မြစ်ချရမဲ့မြေကို အဖတ်ဖက်မှာ ညီညွတ်အောင်လုပ်ပေးရသလို ဒီနိုင်ငံအတွင်းမှာနေထိုင်ကြတဲ့ လူမျိုးအသီးသီးတို့လဲ ဆက်ကြိုးမြဲမြံသံယောဇဉ်ထားတဲ့ ကျောကသား၊ လဲသား၊ ရင်ကသား၊ လဲသား၊ သဘောထားပြီး အညီအညွတ်ဖြစ်အောင် ဒီနိုင်ငံကိုတည်ဆောက်ကြရလိမ့်တော့ဟာ အထူးဂရုပြုကြရမယ်။

ဒီအချက်ကိုအထူးဂရုမပြုမိဘဲလူများစုဖြစ်တဲ့ လူတစုဟာဘဝင်တွေမြင့်သွေးတွေနွေထွင်ရောက်ပြီး လူနဲ့စုတွေအပေါ်မှာ သဘောထားမကြီးဘဲ မထောက်ထားမညှာတာနိုင်ဘဲ နိုင်လိုမင်းထက် ပြုကျင့်ကြမယ်ဆိုရင် အဲဒီနိုင်ငံဟာ မတည်တဲ့မနိုင်မြဲနိုင်ဘူး ကြာရှည်မခံဘူး မြေပျော့တွေ တွင်းတွေချိုင့်တွေကို အခြားဘက်က မြေတွေနဲ့ ညီညွတ်အောင် ဂရုမစိုက်ခဲ့ဘဲ သာမန်ကာရှိုးကာ စာညှဆောက်ခဲ့တဲ့ တိုက်တံလုံးဟာ အဲဒီမြေပျော့တွေ တွင်းတွေချိုင့်တွေဘက်ကစပြီး ပို့ပျက်ရသလိုအဲဒီနိုင်ငံဟာလဲ နိုင်လိုမင်းထက် အလုပ်ခံရတဲ့ လူနဲ့စုတွေကစပြီးပို့ပျက်ရမှာဘဲ။

အခုကျနော်တို့ပြည်ထောင်စုမြန်မာနိုင်ငံဟာ လွတ်လပ်ရေးရဒါ ၆-နှစ်မျှသာ ရှိပါသေး

တယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံဟာ တည်ဆောက်ခါစသာရှိသေးတဲ့ နိုင်ငံလို့ဘဲ ခေါ်ရပေလိမ့်မယ်။

အဲဒီတော့ ပြည်ထောင်စုသားတွေ အခြင်မှန်ရင်ကြအောင် ပြည်ထောင်စုတခုလုံးရဲ့ အခြေအနေကို အကျဉ်းချုပ်ပြီး ကျွန်တော်တင်ပြချင်ပါတယ်၊

ဒီအံ့ချက်ကို ကျွန်တော်တင်ပြ ချင်တာက တော့ အခြားကြောင့် မဟုတ်ပါဘူး ကျွန်တော်တို့ ဗမာတွေဟာ အောက်ခြေလွတ်တတ်တဲ့ ဝါသနာဆိုးတွေ ဥာဉ်ဆိုးတွေ အများအပြား ရှိတတ်ကြလို့ဘဲ ဖြစ်ပါတယ်။ ဥပမာ ဗမာတယောက် လူဘက်ရည်ဆိုင်တဆိုင် တည်တယ်ဆိုပါစို့၊ ဒီဆိုင်ကလေးဟာ လူကြိုက်များပြီး နဲနဲကလေးကြီးပွားလာတယ်ဆိုရင်ဘဲ ဒီဆိုင်ပိုင်ရှင်ဟာ သူ့ဆိုင်ကလေးတည်တဲ့ခိုင်မြဲအောင် အကြံဉာဏ် ထုတ်တာထက် သူ့ကိုယ်သူ သူဌေးပေါက်စဖြစ်လားပြီလို့ စိတ်ကူးနေတာကပိုပြီးများတယ်။

အဲဒီလိုပိုများနေတဲ့အဘွက် ကိုယ့်ဆိုင်ရဲ့ နံယံနိမိတ်အတွင်းမှာ အပြိုင်အဆိုင်တွေ ဘယ်လောက်များသလဲ ကိုယ့်ဆိုင်ကို လူကြိုက်များလာအောင် ဘယ်လိုလုပ်ရမလဲ၊ ကိုယ့်ရဲ့စီးပွားရေးအင်အားဟာ ဘယ်လောက် တောင့်တင်းသလဲဆိုတဲ့ အဓိကအချက်ကြီးတွေကို မစဉ်းစားနိုင်တော့ဘူး။

တခါထဲအောက်ခြေလွတ်ပြီး ကိုယ့်ကိုပိုက်ဆံလာပေးနေတဲ့ ဖေါက်သည်တွေကို မထီမဲ့မြင်လုပ်၊ ရန်ဖြစ်ပြီးယွတ်၊ နောက်ပြီးတော့ အောက်ခြေလွတ်နေတဲ့ သူဌေးပေါက်စဆိုတော့ ကိုယ့်ဆိုင်ကလေးတောင် ကိုယ်ပြန်မကြည့်နိုင်တော့ဘူး။

တပည့်တဓယောက်ယောက်နဲ့ ထိုးထားပြီး သူဌေးပေါက်စတွေ လုပ်နေကျအတိုင်း မြင်းလေါင်းမထားငယ်တွေယူရင်း သူ့လူဘက်ရည်ဆိုင် ကလေးလဲ ပြုတ်သွားရချာတာဘဲ။

လူတက်ရည်ဆိုင်သါ မဟုတ်သေးဘူး ဒီပြင်လုင်ငန်းတွေလဲ အများကြီး ရှိသေးတယ်။ အဲဒီအောက်ခြေလွတ်တဲ့ ဥာဉ်ဆိုးတွေကြောင့် ဆိုင်တွေ၊ အလုပ်ရုံတွေ၊ ကုမ္ပဏီခွေ၊ ပြုတ်ကျရချာတာတွေဟာ တပုံကြီးဘဲ။

အဲဒါကြောင့် ပြည်ထောင်စုနဲ့ပတ်သက်လို့ရင် ဗမာတွေအောက်ခြေမလွတ်ကြဘဲ ပြည်တောင်စုသား အားလုံးပေါ်မှာ မျှမျှတတ သဘောထားနိုင်အောင် ပြည်ထောင်စုနဲ့ ပတ်သက်တဲ့ ပဓါန အချက်ကြီးတွေကို ကျွန်တော်တင်ပြလိုခြင်း ဖြစ်ပါတယ်။

"ဇနာဟရာမ်" ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ခြင်း အပြစ်ကား ကြီးမားလှဘိတကား

ပြည်ထောင်စုရဲ့ အနောက် မြောက် ကုန်း ချင်းတောင်တန်း ဒေသများမှာ ချင်းအမျိုးသားများ နေထိုင်ကြတယ်။

ဒီချင်းတောင်တန်းများဟာ အိန္ဒိယနယ်စပ်နဲ့ကပ်လျက်ရှိတယ် ချင်းအမျိုးသားထဲမှာ ရိုမင်ကက်သလစ် ဘာသာဝင်များနဲ့ အေဘီအမ် ခရစ်ယန်ဘာသာများ နတ်ကိုးကွယ်သောသူများ ရှိကြတယ် ဗုဒ္ဓဘာသာဝင်များလဲ အသင့်အတင့်ရှိကြတယ် ဒီဘာသာအသီးသီးရဲ့ ဘုန်းကြီး တွေဟာ ချင်းအမျိုးသားတွေအပေါ်မှာ များစွာ သြဇာရှိကြတယ်။

ပြည်ထောင်စုရဲ့ မြောက်ဘက် အစွန်ဆုံး အပိုင်းနှင့် အရှေ့မြောက်ဘက်ဆီမှာ ကချင်အမျိုးသားများနဲ့ ရှမ်းအမျိုးသားများ နေထိုင်ကြတယ် ဒီကချင် အမျိုးသားများနဲ့ ရှမ်းအမျိုးသားများတို့ နေထိုင်ကြတဲ့ ပြည်နယ်များနဲ့ တရုတ်နိုင်ငံ ယိုးဒယား နိုင်ငံ လောနိုင်ငံတို့နဲ့ နယ်ချင်းဆက်စပ် လျက်ရှိကြတယ်။


အဲဒီကချင်နဲ့ ရှမ်းအမျိုးသားများအနက် ရှမ်းများဟာ များသောအားဖြင့် ဗုဒ္ဓဘာသာတွေ ဖြစ်ကြပြီး ကချင် အမျိုးသားများဟာ များသောအားဖြင့် ခရစ်ယန်နှင့် နတ်ကိုးကွယ်သူများဖြစ်ကြတယ် ခရစ်ယန်ဘုန်းကြီးတွေဟာ ကချင်ခရစ်ယန်တွေအပေါ်မှာ အများကြီး သြဇာရှိကြတယ်။

ပြည်ထောင်စုရဲ့ အနောက်တောင်ဘက်မှာ ရခိုင်တိုင်းရှိတယ် အဲဒီရခိုင်တိုင်းရဲ့ စစ်တွေခရိုင်ထဲမှာ ဘူးသီးတောင်နဲ့ မောင်းတောဆိုတဲ့မြို့နယ် ၂-နှစ်ရှိတယ် အဲဒီမြို့နယ် ၂-နယ်ဟာ အရှေ့ပါကစ္စတန်နဲ့ နယ်ချင်းစပ်လျက်ရှိတယ် ဒီဘူးသီးတောင်နဲ့ မောင်းတောမြို့နယ်အတွင်းမှာ နေထိုင်ကြတဲ့ ပြည်ထောင်စုသားများမှာ များသောအားဖြင့် ရိုးဟင်ဂျာ အမျိုးသားများ ဖြစ်ကြပြီး မွတ်စလင်မ်များ ဖြစ်ကြတယ်။

အဲဒီ ဘူးသီးတောင်နဲ့ မောင်းတော မြို့ပြဟာဆိုတဲ့ ဆူပူသောင်းကျန်းသူများရဲ့ ဂိုဏ်းတဂိုဏ်း ရှိတယ် ဒီဂိုဏ်းရဲ့ အဓိက ရည်ရွယ်ချက်တရပ်ကတော့ အခြားဟာမဟုတ်ဘူး ဒီဘူးသီးတောင်နဲ့ မောင်းတောကို ပြည်ထောင်စုမှ ဖဲ့ထုတ်ပြီး သီခြား မွတ်စလင်မ် နိုင်ငံထူထောင်ရန် ပဉ်ဖြစ်တယ်။

အခု ပြောခဲ့တာတွေက ပြည်ထောင်စုရဲ့ နယ်ခြားဒေသတွေမှာ ဖြစ်ပွားနေတဲ့ အခြေအနေတွေသာ ဖြစ်သေးတယ် ပြည်တွင်းမှာ ဆိုရင်လဲ သူပုန်ဆောင်ရွက်ဖုံဟာ ခါးဆစ် ကျိုးရုံသာ ကျိုးသေးတယ် လုံးလုံးအသက်ထွက်မသွားသေးဘူး ဗလငါးတန် လုပ်ငန်းတွေဟာလဲ စရုံသာ စကြရသေးတယ် ကျကျနနတောင် အကောင် အထည်ပေါ်တာ မဟုတ်သေးဘူး။

အဲဒီတော့မိုင်ပေါင်း ၂၀၀၀ သာသာလောက် ရှည်လျားတဲ့ နယ်ခြားဒေသကြီးကို ကာကွယ်ဖို့ တာဝန်တွေ လူမျိုးပေါင်းစုံဖြစ်နေတဲ့ ပြည်ထောင်စုသားတွေဟာ ပြည်ထောင်စုမှတပါး အခြားဘက်တွေကို မျော်မကြည့်အောင် လုပ်ပေးဘို့ တာဝန်တွေ ပြည်တွင်းကို နည်းအမျိုးမျိုးနဲ့ ဝင်လာဘို့ လက်ရုပ်မခေါ်ကြအောင် လုပ်ပေးဘို့ တာဝန်တွေ



ဆောင်ရွက်သူပုန်တွေကို လူမျိုးမရွေး ဘာသာမရွေး အကုန်ကြပြီး နှိမ်နင်းဘို့တာဝန်တွေကို ကိုယ်တိုင်ဝင်ပြီး မထမ်းတောင် သူပုန်ဟွေထဲကို ရောရောင်ပြီး ပါမသွားအောင် လုပ်ပေးဘို့ တာဝန်တွေ မလင်းတန် ပါဝင်တဲ့ ဘဝသစ်ဖန်တီးရေး လုပ်ငန်းကြီးကို လူမျိုးမရွေး ဘာသာမရွေး ကြည့်ကြည့် ဖြူဖြူ ရက်ရက် ရောရော ထမ်းဆောင်ကြအောင် လုပ်ပေးဘို့ဘာဝန်တွေ အဲဒီ ကာကွယ်ရေးဝန်ထမ်းဌေးငယ်တဲ့ တာဝန်တွေမဟုတဲ့ဘူးဆိုတာ ကျွန်တော်အထူးပြောနေဘို့မလိုပါဘူး ရဟန်းရှင်လူ အကုန်လုံးသိပြီးသားဖြစ်တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

ခနတဲ့ အချိန်ဖြစ်တယ်၊ အဲဒီလိုဖြစ်နေကုန်း တ
နှမှာ ပင်လုံ ကြီး ဘီ
ဟာ ကျွန်ုပ် အိမ်ကို ပေါက်
ကော်နဲ့ တွေ့ခြင်းသူက 'ဝန်ကြီး
ရေးနဲ့ ပတ်သက်ပြီး ငင်ပျားမှာ သမ
စိတ်ရှိဘယ်ဆိုဟာ ကျွန်တော်အကြင်းမဲ့ ယုံကြည်
တယ်၊ အဲဒီယုံကြည်စိတ်ကြောင့်-ကျွန်တော်ကိုယ်
ကို ခင်ပျားကိုယ်စ
တော်မှာ ကျွန်တော်တို့ ကို
များကြီးပြားပါ ခင်ပျားလွှတ်မ
တော့အသက် အန္တရာယ်ကို ရင်မဲ့
ငါကိုသွားပြီး ကျွန်တော့်ဂုဏ်သ
ထဲကိုမပါဘို့ ကျွန်တော်တရားဟော
ပြီးသူ့ကိုယ်ကိုအပ်ခဲ့ပါတယ်။

နောက်ဒီးတော့ 'ရှိမင်ကက်သ
ဗရင်ဂျီဘာသာဝင်တွေ ဘယ်သူပုန်ထ
စေခဲ့ဘူး၊ ဒါ'ဂုဏ်ဝင်အားလုံး နိုင်ငံတော်အစိုး
ရအပေါ်မှာ သစ္စာရှိကြရမယ်'လို့ ရှိမင်
ဂိုဏ်းချုပ်တွေကိုယ်တိုင် ကျွန်တော့်ကို အ
ပေး ဂတိပေးကြတယ်၊ အဲဒါ'ဂတိအ
အခုဆူပူနေကြဘဲ သူပုန်ရောင်စုံတွေဆဲ ဆိုရင်
ရှိမင်ကက်သလစ်ဂိုဏ်းဝင်တွေဟာ တစ
မရှိသလောက်ဘဲဖြစ်နေတယ်။

နောက်ဒီးတော့လဲ ကေအင်
သူပုန်ထစကုန်းက ခရစ်ယာန်တွေကို မုန်း
အစိုးရက နှိပ်စက်လို့ ကေအင်
ကရတယ်ဆိုကြီး နိုင်ငံခြားအကျိုး
အတော်ဖြန့်ဖြူးခဲ့ကြတယ်၊ အဲဒါ
အစိုးရကတောင်မဖြေရှင်းရဘူး။

ပြည်ဝတောင်စုံသား ခရစ်ယာန်တွေ
ဖြေရှင်းပေးကြတယ်၊ အဲဒီ ဝါဒလိုဒဿတွေကို
အချိန်မှီသာဖြေရှင်းမပေးနိုင်ကြရင် ပြည်ဝတောင်စု
ရဲ့ အခြေအနေဟာ ဘယ်လောက်အထိ ဆိုးရွား

အဲဒီလောက် ကြီးမားတဲ့ တာဝန်
ထမ်းဆောင်ရတဲ့ နေရာမှာ လက်ရုံးအားကိုးနဲ့
ချည်း လုပ်လို့မရပါဘူး အနှစ်အကိုင်း ပြောရမယ်
နိုင်ငံတော်အစိုးရမှာ လက်ရှိအခြေအနေအရ ဒီ
တာဝန်တွေကို လက်ရုံးအားကိုးနဲ့ချည်းဘဲ ထမ်း
ဆောင်နိုင်တဲ့ အင်အားလဲမရှိပါဘူး၊ တစန္ဒသော
အခါမှာ နိုင်ငံတော်အစိုးရဟာ အင်အားတောင့်
တင်းလာတဲ့အတွက် ဒီတာဝန်တွေကို လက်ရုံး
အားကိုးနဲ့ချည်းဘဲ ထမ်းဆောင်ကြမယ်ဆိုရင်လဲ
ဒီပြဿနာတွေဟာ အနှောင့်အယှက်အမြန် ပျောက်
ပျက်မှာဘဲ။

အဲဒီတော့ ဒီတာဝန်ကြီးတွေကို
ဆောင်ရတဲ့နေရာမှာ ကျွန်တော်တို့ဟာ လက်ရုံး
ကိုချည်းအားမကိုးဘဲ နှလုံးကိုလဲ လှည့်ပြီးအား
ကိုးကြရပါတယ်။ ဒီတာဝန်တွေကို ထမ်းဆောင်
ဖို့အတွက် လက်ရုံးရည်ကို မသုံးမဖြစ်တဲ့နေရာ
မှာလောက်သာ သုံးပြီးကျန်တဲ့နေရာတွေမှာ နှ
လုံးရည်ကို အသုံးချ နိုင်သမျှ ကြိုးစား
တယ်။

အဲဒီနှလုံးရည်နဲ့ပတ်သက်ပြီး ကျွန်ုပ်
တို့လဲ တတ်သ၍ မှတ်သ၍ နည်းမျိုးစုံကိုအသုံးပြု
နေတာဘဲ အဲဒီနည်းမျိုးစုံထဲမှာမှမှန်တဲ့ အာ
သာရေးလမ်းစဉ်လဲ ပါတယ်ဆိုတာကို ကျွန်တော်
အတည့်အလင်းပြောကြားလိုပါတယ်။

အစိုးရရဲ့ အာသာရေးလမ်းစဉ်ဟာ မှန်
တဲ့အတွက် ပြည်ဆောင်စုမှာ အကူအညီရခဲ့တဲ့
သာဓက အချို့ကိုကျွန်တော်ဖော်ပြလိုပါတယ်။

၁၉၄၉ ခုနှစ်လောက်တုန်းက ဆူပူသောင်း
ကျန်းမှုကြီးဟာ အဆိုးဆုံးအခြေအနေကိုရောက်ခဲ့
ရပါတယ်။ အဲဒီအချိန်အခါက အစိုးရရဲ့ မျက်
နှာဟာဒီးစိလောက်သာ ကျန်တော့တဲ့ အတွက်
လက်အောက် ငယ်သားအချို့ကတောင် ကျွန်
တော်တို့ကို ပမာမခံ ပြောပြီး ဂလန်ဂဆန်ပြုန်လုပ်

ကမ္ဘာ့အလင်း

နိုင်တယ်ဆိုတာ ဖော်ပြောပါရစေနဲ့၊ ပေးပို့ကြည့်ရင်သိနိုင်ပါတယ်။

နောက်ပြီးတော့ ကေအင်ဒီအိုတွေထဲမှာ အတော်ခပ်များများဟာ အားလုံးသိကြတဲ့အတိုင်း ဘဲ အောဘီအမ်ခရစ်ယာန် ဂိုဏ်းဝင်တွေဖြစ်တယ်။

အဲဒီကောဘီအမ်ဂိုဏ်းဝင် ကေအင်ဒီအို သူပုန်တွေဟာ ဘာသာရေးကို ဘန်းပြီးပြီး အောဘီအမ် ဘာသာဝင်တွေကို သူတို့ ဘက် ပါလာအောင် ဆွဲဆောင်ကြသေးတယ်။

အစိုးရရဲ့ ဘာသာရေးလမ်းစဉ်ကသာ မူမမှန်ခဲ့ရင် အောဘီအမ် ဂိုဏ်းဝင်တွေ အတော်ခပ်များများဟာ-ကေအင်ဒီအိုတွေ ဘက်ကို ရောက်သွားနိုင်တယ်။

အစိုးရရဲ့ ဘာသာရေးလမ်းစဉ်က မူမမှန်ခဲ့တဲ့ အတွက်အောဘီအမ် ဂိုဏ်းဝင်ခပ်များများဟာ အစိုးရကိုထောက်ခံခဲ့ကြတယ်။

အစိုးရကို မထောက်ခံတဲ့ အောဘီအမ် ဂိုဏ်းဝင်တွေကျတော့လဲ သူပုန်တွေဘက်ကိုပါမသွားဘဲ ကြားထိုင် နေကြတယ်။

နောက်ပြီးတော့လဲ အတော်ထူးဆန်းတဲ့ ကိစ္စတခုရှိသေးတယ်၊ မကြာသေးခင်က နိုင်ငံခြားအစိုးရတခုက ကျွန်တော်တို့ အစိုးရဆီကို ကျွန်တော်တို့ သံရုံးက တဆင့် အကြောင်းကြားစာ တစောင်ပို့လိုက်တယ်။

အဲဒီ အကြောင်းကြားစာကို ရှာရင်ရခြင်း သက်ဆိုက်ရာ ဝန်ကြီးက 'ဝန်ကြီးချုပ်ခင်ဗျား-အင်မတန်အရေးကြီးတဲ့ စာတစောင်ကို အခု ချက်ခြင်းယူလာပါရစေ။ ။

ဒီစာဟာ နိုင်ငံခြားတခုက စစ်မကြေညာခင် ပေးပို့လိုက်တဲ့ ရာဇသံနဲ့ သိပ်ပြီးကွာနေတယ်'လို့ အရေးတကြီး ကျွန်တော်တို့ကို ဝန်လျှောက်ခဲ့ပါတယ်။

အဲဒီဝန်ကြီး ဆောက်လာလို့ စာဟာတကယ်ကြည့်တော့ စာဟာအင်မတန်ပြင်းထန်တဲ့ စာတစောင်ဖြစ်နေတာကို တွေ့ရတယ်။

စာရဲ့ အဓိပ္ပါယ် တိုတိုကတော့' ငါတို့ တိုင်းပြည်မှာ ဘာသာဝင်တချို့ကို မင်းတို့ စိုးရက နှိပ်စက်နေတယ်လို့ တိုသတင်းရတယ်။

အဲဒါကိုမင်းတို့ ရပ်တန်းကရပ် မရေးရင်ဒါဘဲ' ဆိုတဲ့အဓိပ္ပါယ်မျိုးဘဲဖြစ်တယ်။ ကျွန်တော်တို့ကဒီစာနဲ့ပတ်သက်ပြီးဘာမှ အကြောင်းမပြန်ဘူး။

ဒါပေမဲ့အနှိပ်စက်ခံနေတယ်လို့ စွပ်စွဲထားတဲ့ဘာသာဝင်တွေကိုယ်တိုင်က အဲဒီအစိုးရဆီကို စာတိုစာရှည်တွေပြန်ပြီးရေးကြတယ်။ အဲဒီအစိုးရလဲ သူတို့ဟာသူတို့ မှားမှန်းသိပ်ယ်ထင်တယ်။

ဒီအကြောင်းနဲ့ ပတ်သက်ပြီး နောက်ထပ်ဘာသံမှ မကြားရတော့ဘူး။ ကျွန်တော်တို့ရဲ့ဘာသာရေး လမ်းစဉ်ကသာ မူမမှန်ဘူးဆိုရင် ဒီကိစ္စဟာ တယ်လောက်အထိ ဆိုးရွားလာနိုင်စရာအကြောင်း ရှိတယ်ဆိုတာ ကျွန်တော်တော့ ဖော်ပြလိုတော့ပါဘူး- စဉ်းစားသာသာ သုံးကြပါကော့။

ရန်ငြိုငြဲ ပြည်ပ ရှိတဲ့ ဘူးသီးတောင်းတောဆိုတဲ့ အရပ်ဒေသတွေမှာ အများအားဖြင့် မွတ်စလင်မ် တွေနေကြတယ်ဆိုတာ ကျွန်တော်ပြောခဲ့ပြီးပါပြီး။

အဲဒီအရပ်က မွတ်စလင်မ် ခေါင်းဆောင်တွေကိုယ်တိုင်က နိုင်ငံတော်အစိုးရပေါ်မှာ ကျွန်တော်တို့ရဲ့ သစ္စာမဲ့ပုံဟာ ဘယ်တော့မှ

မယ်မိမ်းမယိုင်ပါဘူးလို့ သစ္စာဆိုထားကြ
ရုံသာမက အစိုးရဆီက သေနတ်တောင်းပြီး ပုန်ကား
ဟစ်ခေါ် မွတ်စလင်မ် သူပုန်တွေကို သူတို့ကိုယ်
တိုင် ခေါင်းဆောင်ပြီး လိုက်တိုက်နေကြပါပြီ။

ကျွန်တော်တို့ရဲ့ ဘုါသာရေးဟာ မူသာမ
မှန်ခဲ့ရင်အဲဒီဒေသဟာ အစိုးရတွေက အုပ်ချုပ်
တို့အခက်အခဲဆုံး ဒေသဖြစ်မှာဘဲ။

နောက်ပြီးတော့လဲ ကျွန်တော်တို့ ပြန်မ
ကြည့်နိုင်တဲ့ အချို့ဒေသတွေမှာ အချို့ပြည်
ထောင်စုသားတွေရဲ့ သစ္စာမတ္ထာင်တွေ ယုံမှ
ယိုင်နေတာကို တွေ့ရှရင် သူတို့အပေါ်မှာ ဘာ
သာရေးအားဖြင့် သြဇာရှိတဲ့ပုဂ္ဂိုလ်တွေ ခေါ်ပြီး
'ကဲဆရာကြီး ခင်ဗျားတို့လူတွေကိုကြည့်ပြီး လုပ်
ကြအုံးဗျာ' လို့ တခွန်းထဲသာပြောရတာဘဲ၊ အ
သိုးတရာ အည္ဘာတခုဆိုသလို သူ့ချက်နဲ့သူဆို
တော့ နို့ပေါက်ဆိန်နဲ့ ထွင်ရမဲ့ကိစ္စမျိုးမှာ အသ
လောက်နဲ့ဘဲ ပိုးပွားတာဘဲ။

တချို့ပြည်ထောင်စုသားတွေ ကျတော့လဲ
ပြည်ထောင်စုရဲ့တာဝန်တွေကို ဆထက်တပိုး တိုး
ပြီးထမ်းကြတို့လိုလာတဲ့အခါ ဘာသာရေးအား
ဖြင့် သူတို့အပေါ်မှာ သြဇာရှိတဲ့ ပုဂ္ဂိုလ်တွေကို
ခေါ်ပြီး 'ကဲဆရာကြီးတို့ ခင်ဗျားတို့လူတွေကြည့်
ပြီးလုပ်ကြအုံးဗျာ' လို့ တခွန်းတဲ့သာ ပြောလိုက်ရ
တာဘဲ အဲဒီလိုပြောလိုက်ရင် သူ့ဟာနဲ့သူကြီးသွား
တာဘဲ အဲဒီလိုသူဟာနဲ့သူ ပြီးအောင် လုပ်နိုင်တာ
ဟာလဲ တခြားကြောင့်မဟုတ်ဘူး အစိုးရရဲ့ သာ
သာရေးလမ်းစဉ်ဟာ မှုမှန်လို့ဘဲဖြစ်တယ်။

ဒါတွေတင်မကသေးပါဘူး အစိုးရအနေနဲ့
ဖေါ်မပြနိုင်တဲ့ ကိစ္စတွေအများကြီးဘဲ ရှိပါသေး
တယ်။

အဲဒီကိစ္စတွေကို နိုင်နိုင်နင်းနင်း ထမ်းဆောင်
နိုင်ဘို့အတွက် လက်ရုံးရည်ကိုချည်းဘဲ အားကိုးလို့
မဖြစ်ပါဘူး။ နှလုံးရည်ကိုလဲ အားကိုးသင့်တဲ့နေရာ
မှာ အားကိုးရလိမ့်မယ်။

နိုင်ငံအုပ်ချုပ်တဲ့နေရာမှာ လက်ရုံးရည် တ
ခုထဲကိုသာအားမကိုးဘဲ ဘာသာရေးမှာ တရားမျှ
တမှုကိုလဲ လက်နက်ကောင်းတခုအဖြစ်နဲ့ အသုံးပြု
တဲ့စံနစ်ဟာ ကျွန်တော်တို့ရဲ့ လက်ထက်ကမှပေါ်
လာတဲ့ စံနစ်သစ်မဟုတ်ပါဘူး။

ဗုဒ္ဓသာသနာတော်ကြီးကို ပြုစုစောင့်ရှောက်
တဲ့နေရာမှာ နှစ်ယောက်မရှိအောင် ကမ္ဘာ့ရှေ့ဝဲ
တလျောက်လုံးမှာ ထင်ရှားကျော်ဇောခဲ့တဲ့ သီရိ
ဓံမာသောကမင်းကြီးကိုယ်တော်တိုင်လဲ ဒီ သာသ
ရေးမှာ ပဓာနအမှုတမှုကို နိုင်ငံအုပ်ချုပ်တဲ့ နေရာ
မှာ လက်နက်ကောင်းတခုအနေနဲ့ အသုံးပြုခဲ့တာ
ကို ကျွန်တော်တို့ အထင်အရှား တွေ့ခဲ့ရပါတယ်။

တယ်လိုအသုံးပြုခဲ့တယ် ဆိုတာကို သိဘို့
အသောကကျောက်စာထဲက ကျောက်နှုတ်ချက်တ
ခုကို ကြည့်ကြရအောင်။

ဒေဝါနံ ပိယ- ပိယဒဿိ တံ ဆိဝိနာမံ
တော်ရှိသော ငါအသောက မင်းကြားသည် ဘာ
သာဝင် ရိဟ်းအားလုံးတို့ကိုလဲ၊ ရဟန်းတော်တို့
ကိုလဲ၊ လူများတို့ကိုလဲ၊ အားလုံးစုံ ကုန်သော
သူတို့ကို အမြဲမပြတ်သော ဒါနဝတ်နှင့်တကွ အ
မျိုးမျိုးသော ချီးမြှောက်ခြင်းဖြင့် ချီးမြှောက်တော်
မူ၏။

သို့သော်လည်း ဒါနနှင့်တကွ အမျိုးမျိုး
ချီးမြှောက်ခြင်းတို့ကဲ့ ဒေဝါနံ ပိယ ပိယဒဿိ
တံဆိပ်နာမံ တော်ရှိသော ငါအသောကမင်းကြား
သည် ဘာသာဝင် ရိဟ်းအားလုံးတို့၏ သဘော
အနှစ်သာရ၏ ကြီးပွားခြင်းလောက် ကြီးပွားနိုင်
သော အရာမျိုးဟု အောက်မေ့တော်မမူ သဒ္ဓါ
အနှစ်သာရ၏ ကြီးပွားခြင်းမည်သည်ကား အမျိုး
မျိုးရှိ၏ လောကဥ္စ နှုတ်လျှာကို စောင့်ကိန်းခြင်း
သည်ပင်လျှင် ထိုသဘော အနှစ်သာရ ကြီးပွား
ခြင်း၏ မူလရင်းကြီး ဖြစ်ပေ၏။

အသို့ဖြစ်သနည်းဟူမူထိုနှက်လျှောကို စောင့်ထိန်းရာ၌ မိမိဘာသာဝင်ဂိုဏ်းများကို ချီးမြှောက်ခြင်းနှင့် အကျိုးမရှိဘဲလျက် သူတပါးဘာသာဝင်ဂိုဏ်းများကို ကဲ့ရဲ့ရွဲတ်ချခြင်းသည် တရံတခါမျှ ရှေးရာ လောကီ လောကုတ္တရာမှာ တစုံတခု အကျိုးရပါမူကား၊ ကဲ့ရဲ့ရွဲတ်ချခြင်းသည် သင့်မြတ်သေး၏။

အခါအားလျော်စွာ အမျိုးမျိုးသော နည်းလမ်းဖြင့် (တနည်း) ထိုထိုသော အကျိုးကို ကြည့်ရှုခြင်းအားဖြင့် ဘာသာခြားများကိုလည်း ချီးမြှောက်ထိုက်ပေ၏။

ဤနည်းလမ်းအတိုင်း ပြုလုပ်သောသူသည် မိမိဘာသာဝင် ဂိုဏ်းများကို ကြီးပွားစေရုံမက ဘာသာခြား ဂိုဏ်းဝင်တို့အား လည်း ကျေးဇူးပြုရာသို့ရောက်သည်။

ဤနည်းလမ်းကို မလိုက်သော သူသည်ကား မိမိဘာသာဝင် ဂိုဏ်းတို့ကို အားနည်းအောင် ပြုလုပ်ရာ ရောက်ရုံမျှမက ဘာသာခြား ဂိုဏ်းများကိုလည်း ပုန်းပြား လေအောင် ပြုလုပ်သောသူမည်၏။

အကြင်သူသည် မိမိဘာသာဝင် ဂိုဏ်းတို့ကို ကိုးကွယ် ဆည်းကပ်လိုသော အားဖြင့် ဒိဂိ ဘာသာဝင် ဂိုဏ်းအားလုံးတို့အား ချီးမြှောက်ပြီးလျှင် တပါးသူတို့၏ ဂိုဏ်းအားလုံးတို့ကို ကဲ့ရဲ့ရွဲတ်ချလိုက်၏။

အကြောင်းမူကား၊ မိမိဘာသာဝင် ဂိုဏ်းအားလုံးတို့ကို ထင်ပေါ်ကျော်စော စေလိုသည့် အတွက်ကြောင့် သူတပါးဘာသာဝင် ဂိုဏ်းအားလုံးတို့ကို ကဲ့ရဲ့ရွဲတ်ချလိုက်၏။

ထို့ကြောင့် ၎င်းသူသည် ထပ်မံ၍ မိမိဘာသာဝင် ဂိုဏ်းများတို့ကို အလွန် ပုန်းစိုး ခြင်းသို့ ရောက်စေသောသူ မည်၏။

ထို့ကြောင့် လောက၌ ဘာသာတမျိုးနှင့် တမျိုး ပေါင်းသင်း ခြင်းသည် ပင်လျှင် အလွန်ကောင်းသော တရားဖြစ်ပေ၏။

အဘယ်ကြောင့်နည်း ဆိုသော် တဂိုဏ်းနှင့်တဂိုဏ်း တရားတော်ကို ဆွေးနွေး မေးမြန်းခြင်း ကြားနာရခြင်းနှင့် ကိုးကွယ် ဆည်းကပ်ရခြင်းဖြစ်ပေ၏ ဒေဝါနုံပိယ- ပိယဒဿီ တံဆိပ်နာမံတော်ရှိသော ငါအသောကမင်းတရားသည် ဤကဲ့သို့လည်း အလိုတော် ရှိသေး၏။

အသို့ အလိုတော်ရှိသနည်း ဟူမူ လောက၌ ဘာသာဝင် ဂိုဏ်းအားလုံးတို့သည် မဟုသုတ အကြားအမြင်နှင့်တကွ ပညာအမြော်အမြင် ပြည့်စုံဘို့ရန် အလိုရှိတော်မူပေ၏။

ထိုကိုဘရားတို့ကို ကြည့်ညို့ကြသူတို့သည်လည်း ဤအကြောင်းအရာများကို ပြောကောက်ရမည်မှာ ဒေဝါနုံပိယ- ပိယဒဿီတံဆိပ် နာမံတော်ရှိသော ငါအသောက မင်းကြီးသည် ဒါနနှင့်တကွ အမျိုးမျိုး ချီးမြှောက်ခြင်းတို့ကို ဘာသာဝင် ဂိုဏ်းအားလုံးတို့၏ သဘောအနှစ်သာရ၏ ကြီးပွားခြင်းလောက် ကြီးပွားနိုင်သော အရာမျိုးဟု အောက်မေ့တော်မူ ဤကဲ့သို့ ပြောဆိုကြလေ ဤကဲ့သို့ အကျိုးကိုရည်လျက် မွန်မဟာမတ္တခေါ်သော မင်းမူထမ်း အမတ်နှင့် မွန်မဟာမတ္တအမည်ရှိသော မင်းမူတမ်းမိန်းမအမတ် ၎င်း၊ လမ်းခရီးနှင့်ဆိုင်ရာအမတ်တို့ကိုင်းထိုမှတ ဆိုင်ရာဆိုင်ရာ အသီးသီးသော မင်းမူထမ်း သ ယန်ပြု အရာရှိများကို စီမံခန့်ထားလိုက်လေ

ဤကဲ့သို့ စီမံခန့်ထားလိုက်ရခြင်း၏ အကျိုးကား မိမိဘာသာဝင် ဂိုဏ်းသူ ဂိုဏ်းသားတို့၏ တနေ့ထက်တနေ့ ကြီးပွားခြင်းနှင့် မိမိတို့ ဘာသာတရား၏ ထင်ပေါ်ကျော်စော ခြင်းသည် မုချ ဖြစ်နိုင်ရာ၏။

အဲဒီကောက်နုတ်ချက်ကို ဘာတ်ကြေးခြင်း အားဖြင့် သိရှိမြင်သောက မင်းကြီးဟာ အင်

တန် ဘုန်းတန်ခိုး အာနုဘော်ကြီးမားပြီး မုဒ္ဓသာသနာတော်ကြီးကို အသက်နဲ့ထပ်တူ မြတ်နိုးတော်မူတဲ့ မင်းတရားကြီးပင် ဖြစ်လင့်ကစား တို့ဒေးပြည်အခုချုပ်တဲ့ နေရာမှာ ဘာသာရေး တရားမျှတမှုကို လက်နက်ကောင်းသတွယ် အသုံးပြုခဲ့တယ်.... ဆိုတာ ထင်ထင်ရှားရှားကြီး တွေ့နိုင်ကြပါလိမ့်မယ်။

ယခုအခါ နိုင်ငံတော် အစိုးရတို့က အစိုးရစာသင်ကျောင်းတွေမှာ မုဒ္ဓဘာသာနဲ့ အခြားဘာသာ သခ်ၤာစာများကိုလဲ သင်ကြားရမယ်လို့ ဆုံးဖြတ်ချက် ချလိုက်တာဟာလဲ ဘာသာရေးမှာ တရားမျှတမှု ရှိတယ်ဆိုတာကို ပြည်ထောင်စုသား ဘာသာဝင် အသိုးသိုးတို့ကို လက်တွေ့ပြချင်လို့ ဖြစ်တယ်။

၇- ၉- ၅၄- ရက်နေ့က ဆဋ္ဌသင်္ဂါယနာမဗ္ဗသာဒ ဆွမ်းစားဆောင် အလယ်ထပ်မှာ ပါဠိပဋိဝေဓကထာတော်တို့ကို မုဒ္ဓသာသနာ့ဇေဋ္ဌချုပ် ဒုတိယ ဥက္ကဋ္ဌ နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးသိန်းမောင်က ကျောင်းတွေမှာ နိုင်ငံတော်အစိုးရက မုဒ္ဓဘာသာ သခ်ၤာစာတွေကို သင်တာဟာ ဘာသာရေးဖြစ်တယ်။

အခြားဘာသာတွေကို သင်စေတာဟာ နိုင်ငံရေးဖြစ်တယ်လို့ လျှောက်ထား ခဲ့ပါတယ် ပြည်ထောင်စုသား ရဟန်းရှင်လူများက ဒီကိစ္စနဲ့ပတ်သက်ပြီး ဒီအတိုင်း မြင်ဘို့ အရေးကြီးပါတယ်။

နိုင်ငံတော်အစိုးရကလဲ ဒီကိစ္စဟာ အင်မတန်ကြီးကို ရှင်းနေတဲ့အတွက် တရားဝန်ကြီးချုပ် ဦးသိန်းမောင်က ဆရာတော်များကို လျှောက်ထားတဲ့အတိုင်း ဘာသာ ရေးနဲ့ နိုင်ငံရေးကို ခွဲခြားပြီး မြင်ကြလိမ့်မယ်လို့ ယုံကြည်ယူဆခဲ့ကြတယ်။

အမှန်စင်စစ်တော့ အဲဒီလို ယုံကြည်ယူဆချက်ဟာ ကျွန်တော်တို့ရဲ့ မဟာ အမှားတော်ကြီး ဖြစ်ခဲ့တယ်။

အဲဒီလို ယုံကြည်ယူဆပြီး တွေ့သင့် ရှင်းပြသင့်တဲ့ ဆရာရင်း ဒကာရင်းတွေ ဘာသာရေး ခေါင်းဆောင်တွေကို တွေ့ဆုံပြီး ရှင်းမပြမိခဲ့ဘူး။ အဲဒီလို ရှင်းမပြမိခဲ့တဲ့ အတွက်ဟာ နိုင်ငံတော် အစိုးရက မုဒ္ဓဘာသာဝင် ကျောင်းသူ ကျောင်းသားကလေးတွေကို အစွဲလာမ် ကျမ်းစာနဲ့ ခရစ်ယာန်ကျမ်းစာတွေ အသင်ခိုင်းတော့မလို့ ဆိုတဲ့ တဗီးတိုးဝါဒလိမ်ကြီးတခု ပေါ်ထွက်လာပြီး ကျွန်တော်တို့ရဲ့ ဆရာရင်း ဒကာရင်းတွေကိုပင် အတော် စိတ်မချမ်းမြေ့စေခဲ့တယ်။

ကျွန်တော်တို့ရဲ့ ဒုတိယမဟာအမှားတော်ပုံကြီးကတော့ တခြားဟာ မဟုတ်ဘူး အစိုးရကျောင်းတွေမှာ မုဒ္ဓဘာသာကလွဲပြီး တခြားဘာသာတွေကို မသင်ရဘူးလို့ ဆရာတော်တချို့က ကန့်ကွက်လိုက်တာနဲ့ ဒို့နိုင်ငံရေးအရ လုပ်တဲ့ ကိစ္စမှာ ဆရာတော်တွေက ဘာဖြစ်လို့ ဝင်ပြီး နှောက်ယှက် ကြတာလဲ ဒီလို နှောက်ယှက်ရင် ဘယ်ဘာသာကိုမှ မသင်တော့ဘူးလို့ စိတ်လိုက်မာန်ပါ အလျင်စလို ဆုံးဖြတ်လိုက်ခြင်းဘဲ ဖြစ်တယ်။

အဲဒီ ဒုတိယ မဟာအမှားတော်ပုံကြောင့် လွယ်လွယ်ကလေးနဲ့ ရှင်းနေတဲ့ကိစ္စဟာ [illegible] ဘဲရှုတ်သွားခဲ့တယ်။


ဒီအမှားတော်ပုံကြောင့် လဒ္ဓိပေသလ သိက္ခာကာမသီလဝန္တ ပဂ္ဂိုလ်များဖြစ်ကြတဲ့ ဆရာတော်သံဃာတော်များ စိတ်ဆင်းရဲကြရုံသာ မကသေးဘူး ဝက်သားကို မနေ့တနေ့ကမှစားရဲတဲ့ ပသိလူထုကြီးတွေ ဘုရားမကြိုက်တာတွေ အကုန်လုံးလုပ်ရဲတဲ့ ဘိန်းချသမားတွေ အရက်ချက်ရောင်းနေတဲ့ကြားသမားတွေ ဘာသာရေးနဲ့ပတ်သက်လာရင် အိမ်ပျောင်းမှာစာမျိုး ဘုန်းကြီးတွေနဲ့တွေ့ရင်တဖုံ အရက်ဘိုင်းကျ

ခြေတော့တနည်း၊ အမျိုးမျိုးအမုံမံ အနည်းနည်း အသွင်အပြင်ပြောင်းရဲတဲ့ ဘာသာရေး ဖါးတပိုင်း-ငါးတပိုင်းဘွေ့ အသက်ဝင်နေတဲ့ နိုင်ငံရေးသမားတွေ အဲဒီလူတွေဟာ ''ဘာသာထိမချိအောင်နာတယ်'' ဆိုတဲ့ စာလုံးကြီးဘွေကို သူတို့ရဲ့နှုတ်ခမ်းတွေမှာ ကမ္ဘည်းထိုးပြီး လေးကင်းပြ ထွက်လာနိုင်အောင်လဲ ကျွန်တော်တို့ရဲ့ ဘုကိုယ အမှားတော်မုံကြီးက ပြုလုပ်ပေးခဲ့တယ်။

အဲဒီ-ဒုတိယ အမှားအော်မုံကြီးကို ကျွန်တော်တို့လုပ်မိတဲ့အတွက်ဟာကျောင်းတွေမှာ ဗုဒ္ဓဘာသာသမိုင်းစာတွေကို ရပ်ပစ်ပြီးပြီ ဒီအစိုးရဟာ ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသာဘင်ကြီးကို တ

က ဒီစကားထက်ပိုပြီး ကြံကြိုးစည်ရာရေးထားတဲ့ စကားလုံးဘွေဟာ ဒီလောကကြီးမှာ မရှိနိုင်တော့ဘူးလို့ ကျွန်တော် အောက်မေ့မိခဲ့တယ် အခု ဒီဝါဒလိမ်ကြီးကို ကြားရတော့မှတဲ့ ခုဒင်က-ကျယ်က် အဆပေါင်းများစွာ ဆိုးရွားနေတာကို တွေ့ရပါတော့တယ်။

သာမန် အားဖြင့်ဆိုရင် ဘာသာထိ မချိအောင်နာတယ်ဆိုပြီး နှုတ်မှာကမ္ဘည်းထိုးထားကြတဲ့ ဒီ ကလိမ်ခြုံတွေဟာ ငါးပါးသီလကို အကုန်လုံးမပြောနဲ့ တပါး-နှစ်ပါး လောက်ကို ပင်နိုင်နင်းအောင် စောင့်ထိန်းနိုင်တဲ့ လူတွေမဟုတ်ဘူး ဒါပေမဲ့ ကျွန်တော်တို့ရဲ့ ပဌမ နဲ့ —ဒုတိယ



အက်ကဘမ်းပြပြီးအခြားတဘာသာဝင်တွေမှန် သမျှ အကုန်လုံးဖျက်ဆီးပစ်မဲ့ ကွန်မြူနစ်နိုင်ငံကြီးကို ထူထောင် ကြတော့မယ်ဟေ့ ဆိုတဲ့ဝါဒလိမ်ကြီးကို အသုံးပြုပြီးဒီနိုင်ငံရေးကလိမ်ခြုံတွေဟာဖြစ်ပေါ်လာအစိုးရကို လက်သီးပုန်းကို ဘို့ အခွင့်ကောင်းတခု ရသွားကြပြန်တယ်။

ကျွန်တော်တို့ ငယ်ငယ်တုန်းက အနောက်နေထွက် ပြိုအက် မြင့်မိုရ မီးကိုမပူ ချမ်းစွာ ဟူ၏ ဆိုတဲ့ကဗျာတပုဒ်ကို သင်ခဲ့ရဘူးတယ် အဲဒီတုန်း

အကြိမ် နှစ်ကြိမ်တိုင်တိုင် ခြေလှမ်းမှားမှကြောင့် ဒီနိုင်ငံရေး ကလိမ်ခြုံတွေဟာ ဘာသာထိ မချိအောင် တကယ်နာကြတဲ့ ဗုဒ္ဓဘာသာဝင်တွေရဲ့ မျက်စိထဲကို သဲပက်ဘို့အခွင့်ကောင်းကြီးတခုကိုလဲ ရသွားကြပြန်တယ်။

အမှန်စင်စစ်ကော့ ကျွန်တော်တို့ရဲ့ဆုံးဖြတ်ချက်ဟာ အင်မတန်ရှင်းနေပါတယ်။

(၁) အစိုးရစာသင်ကျောင်းတွေမှာ ဗုဒ္ဓဘာသာဝင် ကျောင်းသူ ကျောင်းသား တွေကို ဗုဒ္ဓဘာသာသမိုင်းစာတွေ သင်ပေးမယ်။

ကြတာဘဲ ဟယ် ရဟန်း ရှင်, လူကမ္မလဲ မကန့်
ကွက်ခဲ့ပါဘူး သူယုံကြည်ရာဘာသာကို သူ့ဟာ
သူ သင်တာ ဟယ်မှာကန့်ကွက်လို့ ဖြစ်လဲ။

အဲဒါဟာ ဆရာတော်ကို ကန့်ကွက်တယ်
ဆိုတာ တခြားမဟုတ်ဘူးခဗျာ ကန့်ကွက်တော့
သင်ကြား နေရာကို ကန့်ကွက်တာ နေတာ
ကို တွေ့ရမယ် ဒီအခြားဘာသာတွေ ဒါ သင်
ယုံကြည် ကျောင်းသူကျောင်းသားတွေကို
သာ ဒီအခြားဘာသာ သင်ကြားတာတွေကို သင်
ကြားမှာ ဖြစ်မယ်ထင်လဲ ဒီ အစိုးရကျောင်းတွေမှာ
သင်တာကို ဆရာတော်များက မကြိုက်ကြဘူး။

အဲဒီလောက် သင်္ခဏေသေး သိပ်ကာမ၊
သိလဝန်္တ၊ ဂုဏဝန်္တ၊ ပညာဝန်္တ ဖြင့် တင်မူကြ
ကုန်သော ဆရာတော်၊ သံဃာတော်
များရဲ့ ဝိုင်းဖန်ချမ်းမြေ့မှုကို ပယ်ဖျောက် စေခြင်း
အခွန်နဲ့ တကျောင်းထဲမှာ အခြားတသာ သင်ကြား
စာများကိုသင်တာ ကြိုက်တော်မမူကြဘူး ဆိုရင်လဲ
အခြား ဘာသာဝင် များအတွက် သင့်တော်
သော သီးခြားအဆောက်အဦးများ ဆောက်ပြီးသင်
ကြားစေပါမယ်။ ။

[illegible] သီးခြား အဆောက်
[illegible] သီးခြားသင်ကြားစေပါ [illegible]။ ။

အဲဒီလောက်ဆိုရင် လင်္ခဏေပေး သိက္ခာ
ကာမ၊ သိလဝန်္တ၊ ဂုဏဝန်္တ၊ ပညာ [illegible] ဆရာ
တော် သံဃာတော်များ ကျေနပ် [illegible]
ကပည့်ကော်ကို ယုံကြည်ပါကယ်။ ။

[illegible] ကလဲ့စား
[illegible] ကျောင်းသူကျောင်းသ [illegible]

(၂) ဒုခြား ဘာသာများကို သက်ဝင်
ယုံကြည်တဲ့ ကျောင်းသူကျောင်းသားများ လုံလုံ
လောက်လောက်ရှိရင် ဒီကျောင်းသူကျောင်းသား
တွေကို သူတို့ယုံကြည်ရာဘာသာသင်ကြားစာတွေ
ကို သင်ပေးမယ်၊

(၃) မုဒ္ဓဘာသာဝင် ကျောင်းသူကျောင်း
သားတွေကို မုဒ္ဓဘာသာ သင်ကြားစာတွေကိုသာ
သင်ပေးရမယ် အခြားဘာသာ သင်ကြားစာတွေကို
သင်မပေးရ ဒီနည်းဒေတိုင်း အခြားတသာဝင်
ကျောင်းသူကျောင်းသားတွေကိုလဲ သူတို့ယုံကြည်
ရာ ဘာသာသင်ကြားစာများကိုသာ သင်ကြားရ
မယ် မုဒ္ဓဘာသာသင်ကြားစာများကို မသင်ကြား
ရ။

(၄) ဘုန်းတော်ကြီး ကျောင်းများ၌ ပွင့်
လင်းထားရသော အစိုးရစာသင်ကျောင်းများဟုတ်
မှုကား အခြားဘာသာဝင်များ မည်မျှပင် များပေ
ကာမူ ၎င်းစာသင်ကျောင်းများတွင် မုဒ္ဓဘာသာ
သင်ကြားစာမှတပါး ဒုခြားဘာသာ သင်ကြားစာ
များကို မသင်ကြားရ။

(၅) အခြားဘာသာဝင်များအား သက်
ဆိုင်ရာဘာသာသင်ကြားစာများကို သင်ကြား ပေး
ရန်အတွက် ဘုန်းတော်ကြီးကျောင်းများ ပြုလုပ်
မယ်။

အဲဒါဟာ ကျွန်တော်တို့ရဲ့ မူလဆိုးဖြဲ့ချက်
ရဲ့ အဓိပ္ပါယ်ကြီး (၅) ပိုင်းဘဲဖြစ်တယ် အဲဒီ အဓိပ္ပါယ်
ကြီး (၅) ပိုင်းအနက် အခြားဘာသာဝင် ကျောင်း
သူ ကျောင်းသား များကို သူတို့ ယုံကြည်တဲ့
ဘာသာသင်ကြားစာတွေကို သင်ကြားပေးမယ် ဆို
တဲ့ ဒုတိယအပိုင်းကို ဆရာတော်များက ကန့်
ကွက်ကြတယ် အဲဒီကန့်ကွက်ချက်ကို ကျွန်တော်
တို့ ခွဲစိတ်ကြည့်ရအောင်။

အခြားဘာသာသင်ကြားစာများကို သူတို့
ဟာသူတို့ တခြား တနေရာမှာလဲ သင်ကြားနေ

မဟုတ်ပါဘူး။ နိုပါတ်ဒတာတွေထဲမှာ ပြန်ကြည့်ရင် ဒီလိုသာဓကတွေ အများကြီးရှိပါတယ်။

ငါးတွေကို တပတ်ရိုက်ပြီး စုံနေတဲ့ ဗျူဂင်းကို ဘုရားလောင်း ဂဏန်းကြီးသည်ဘိုင် လည်းပင်းဖြတ်ပြီး သတ်ခဲ့ရတဲ့ သားကတော် ပုဏ္ဏားရဲ့ မျက်လုံးကို လိုချင်တဲ့ ကျွဲ သူ့ မိတ်ဆွေမြေကိုလည်ပင်းဖြတ် သတ်ခဲ့ရတဲ့ ဘုရားလောင်း ဂဏန်းကြီးရဲ့ သာဓကတွေ ဒါတွေထက် ပိုပြီး ထင်ရှားတဲ့ ဘုရားအလောင်း မဟာသမဓါရဲ့ သာဓကတွေ အများကြီးရှိပါတယ်။ ။

ဘုရားအလောင်း မဟာသတ္တ ဆိုရင် သူ့ရှင်ဘုရင်နဲ့ သူ့အမျိုး သားနဲ့ သူ့ သားပြည်သူကြီးကို စွန့်နိုင်ဖြတ်နိုင်တဲ့ မင်းရဲ့ တေးရေးပါင်းကာ ကာကွယ်ဘို့အတွက် စွန့်နိုင်ဖြတ်နိုင်တဲ့ ကြီးရဲ့ မိဖုရားတွေ၊ သွေးတွေ မျိုးတွေရဲ့ အိုခဲတွေကို အတင်းသိမ်း။ သိမ်းပြီးရင် အိမ်ရှင်တွေဆီက ရွေတွေရတဲ့အခါ အိမ်တွေကို ပြန်ပေး။ နောက်ပြီး တော့ စွန့်နိုင်ဖြတ်နိုင်မင်းကြီးရဲ့ အမေတွေ မိဖုရားတွေ သားတွေ သမီးတွေကို ဒါးစာခံတွေ အဖြစ်နဲ့ သူ့တိုင်းပြည်ကို ခေါ်သွားတဲ့ သာဓကတွေ အထင် အရှားရှိပါတယ်။ ။

အဲဒါတွေဟာ ဘုရားကြိုက်တဲ့ ပုံပန်းတွေမဟုတ်ပါဘူး။ ဒါပေမဲ့ တခါတခါတော့ လောကကြီးရဲ့ ကြီးပွားရာ ကြီးပွားကြောင်းအတွက် ဒီလိုကိစ္စမျိုးတွေကို လုပ်ပေးရပါတယ်၊ မတတ်နိုင်ဘူး။ ။

အဲဒီခေတ့် နိုင်ငံရေးအရ မလုံခြုံလုပ်နေရတဲ့ ကိစ္စမျိုးတွေကို သာသနာ့ ရေးရာထဲကို ဆွဲသွင်းမသွားကြပါနဲ့ ဘာသာရေးနဲ့ နိုင်ငံရေးကို တခြားစီခွဲပြီး ကြည့်ကြဘို့ လေးနက်စွာတောင်းပန်ပါတယ်။ ။

ယောက် ရှိတာနဲ့ ဆောက်ပေးဘို့ မဟုတ်ပါဘူး တနိုင်ငံလုံးရှိ ကျောင်းဘိုးမှာလဲ လိုက်ပြီးဆောက်ပေးဘို့ မဟုတ်ပါဘူး။ သီးခြားအဆောက်အဦး ဆောက်ပေးလောက်အောင် ကျောင်းသားဦးရေ လုံလုံ လောက်လောက်ရှိတဲ့ ကျောင်းတွေကလဲ နိုင်ငံနဲ့အဝှမ်း ရှိမှာမဟုတ်ပါဘူး အဲဒီလောဂွေ့ကုန်ချင်ကုန်ပါစေ သီးခြား ဆောက်ပေးပါမယ်။ ပြည်ထောင်စုကြီးရဲ့ တည်တံ့ ခိုင်မြဲရေးအတွက် ဒီလောက်ငွေကလေး ကုန်ရတာဟာ မပြောပလောက်ပါဘူး။

ဘာသာခြား သံဃာစာတွေကို သင်တာကို ဘုရားမကြိုက်ဘူး ဆိုတာကိုတော့ ကျွန်တော် တို့ကိုအထူး ပြောနေဘို့ မလိုပါဘူး။ အခြားဘာသာဝင်တွေ ကိုယ်တိုင်ကလဲ ကျွန်တော်တို့ကို ဆုံးဖြတ်ချက်ဟာ သူတို့ရဲ့ဘာသာတွေကို ကြည့်ပြီး လို့လုပ်ထာမဟုတ်ဘူး။ ပြည်ထောင်စုရဲ့ တည်တံ့ခိုင်မြဲရေးအတွက် သေသေချာချာကြီးဖြစ်တဲ့ တရားမျှတမှုကိုလိုချင်လို့ လုပ်တယ်ဆိုတာ ကောင်းကောင်းသိပါတယ်။ ။

နောက်ပြီးတော့လဲ ကျွန်တော်တို့ဟာလူတယောက်အနေနဲ့ ဘယ်နည်းနဲ့မှ မလုပ်နိုင်တဲ့ ကိစ္စတွေ အစိုးရအနေနဲ့ အများကြီးလုပ်နေရတာဘဲ။ ဥပမာပြည်တွင်းပြည်ပ ရန်သူတွေကို ပုန်းနဲ့ကြိုအမြောက်နဲ့ ပစ် သေနတ် အမျိုးစုံနဲ့ တာသတ်ထဲသတ်နေရတဲ့ ကိစ္စတွေ ဈာဇဝတ်ကောင်တွေကို ထောင်ချ ကြိုးပေးလုပ်နေရတဲ့ ကိစ္စတွေ၊ သားသမီးရဲ့တွေ အင်းလေးတွေကို လိုင်စင်ပေးနေရတဲ့ ကိစ္စတွေ။ အရက်ဆိုင်တွေကို လိုင်စင်ပေးနေရတဲ့ ကိစ္စတွေ။ အဲဒီကိစ္စတွေကို ဘုရားလဲမကြိုက်ဘူး။ ကျွန်တော်လဲ လူတယောက် အနေနဲ့သာဆိုရင် ဘယ်နည်းနဲ့မှ မလုပ်ဘူး။ ဒါပေမဲ့ အစိုးရအနေနဲ့ ဒီကိစ္စတွေကို နေ့စဉ်နေ့ကိုင်းလုပ် အများကြီးလုပ်နေရတယ်၊ လောက ကောင်းစားရေးအတွက် တခါတခါမှာ ဘုရားမကြိုက်တဲ့ အလုပ်တွေကိုလဲလုပ်ရတာဟာ ကျွန်တော်တို့ချည်းဘဲ

အမှန်စင်စစ်ဆိုရင် ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်ကို သေသေချာချာကြည့်ရင် ဘာသာအမျိုးမျိုးကို တကျောင်း ထဲမှာ သင်ရမယ်လောက်သာ ဆုံးဖြတ်ထားဖြစ်တယ် ဆိုတာကိုတွေ့ရမယ်။ ။

ဘာသာဝင် တခုက အခြားဘာသာဝင်တွေရဲ့ ဘာသာ သခ်ၤကၤာစာဖတ်တွေကို သင်ကြားရမယ်၊ သေ့လာရမယ်၊ ဆွေးနွေးရမယ်လို့ မပါသေးပါဘူး။ ရာဇဝင် တလျှောက်လုံး သာသနာပြုတဲ့နေရာမှာ ၂ ယောက် မရှိတဲ့ သမိုင်းဂမ္ဘာသောကမင်းကြီးကဆိုရင် ဘာသာတမျိုးနဲ့ ကမ္ဘာမျိုးပေါင်းသင်းခြင်း။ တကိုယ်နှင့် တပိုင်းသားတော်ကို ဆွေးနွေးခြင်း အထိကိုက်ထွန်းထားကာ ကိုတွေ့ကြရပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးဟာ ချောက်ထဲကိုကျဖို့ လက် ၂-လုံး လောက်သာလိုတော့တဲ့ အခြေအနေကနေပြီး အခုအခြေအနေအထိရောက်လာအောင် ဆွဲတင်လာတဲ့ လုပ်ငန်းဖွဲ့တွေထဲမှာ အိုးရအဖွဲ့ဟာ လက်ရုံးအားကိုးချည်းဘဲ မဟုတ်ဘဲ နှလုံးသွင်းကိုလဲ အများကြီး သုံးခဲ့ရတယ် ဆိုတာ ရဟန်း,ရှင်,လူ, ပြည်သူ အများစုကောင်းကောင်းကြီး သိပြီးကြပါပြီ။

ကျွန်တော်အထူးထပ်ပြီး ရှင်းပြနေဖို့ မလိုပါဘူး အဲဒီတော့ပြည်ထောင်စုကြီးကို ချောက်ထဲက လွတ်မြောက်အောင် လုပ်တဲ့နေရာမှာ နှလုံးရည်ကို အများကြီး သုံးခဲ့ရရင် ပြည်ထောင်စုကြီးကို တည်တံ့ခိုင်မြဲအောင်လုပ်တဲ့နေရာမှာ နှလုံးရည်ကို နောက်ထပ်ပြီး အများကြီး အသုံးပြုရအုံးမယ်ဆိုတာကိုလဲ ရဟန်း,ရှင်,လူ,ပြည်သူ အများစုကောင်းကောင်း သတိချပ်ကြစေလိုပါတယ်။

လူနည်းစုတွေနဲ့ ဆက်ဆံတဲ့ နေရာတိုင်းမှာ ပြည်ထောင်စုကြီးရဲ့ တည်တံ့ခိုင်မြဲရေးကို အထူးရှေ့ရှုပြီးအောက်မေ့ထွေမလွတ်ကြဘဲ နှလုံး

ရည်တွေဘဲ အများကြီး သုံးနိုင်ကြဘို့ဘဲ ကြိုးစားကြစေချင်တယ်။

ကိုယ့် အခြေပေးနေကလဲ [illegible] တဲ့နဲ့ ပုဂ္ဂိုလ်ဆန်မှုများ [illegible] လွတ်လွတ် နေကြတာကို [illegible] တွေ့ရပါတယ် အောက်ခြေခွေးလွတ်တဲ့ လဘက်ရည်ဆိုင်ရှင်ဟာ လဘက်ရည်ဆိုင်တဆိုင်လုံး ဆုံးသွားသလို အောက်ခြေလွတ်တဲ့ ဗမာစာတွဲလဲ ပြည်ထောင်စုကြီး တခုလုံး ဆုံးမှာကို အင်အားနှိုးရတယ် အဲဒါကြောင့် သတိ [illegible] ကိုက်ကွန်းလိုပါတယ်၊

တာဝန်ခံတဲ့နိုင်ငံရေးသမား [illegible] တွေ့တောင်အော်မြောက်အော်ခံအင်နိုင်တယ် ဒါပေမဲ့ အစိုးရအနေနဲ့ကတော့ အင်မတန် [illegible] တဲ့ တာဝန်ကြီးကို ထမ်းထားရတဲ့ အတွက် တာဝန်ခဲ့စကားတွေကိုလဲမပြောချဲ့ဘူး တာဝန်ခဲ့ ယုပ်ငန်းတွေကိုလဲမလုပ်ရပါဘူး စကားပြောတိုင်း အလုပ်လုပ်တိုင်း ပြည်ထောင်စုရဲ့ တည်တံ့ခိုင်မြဲရေးကို မျက်ခြေမပြတ်အောင် အခဲ့ဘဲ ကြည့်နေရပါတယ် မဟောသဓါ တရားဒီရင်ခန်း တခုမှာ [illegible] ဆောင်နေတဲ့ ဘီလူးမနဲ့ ခ်ခ်ာ်စစ်ခဲ့ ခလေးကို အလုခိုင်းတဲ့နေရာမှာ တာဝန်မဲ့တဲ့ ဘီလူးမက ခလေးကို ခွာရရင် ပြီးရော ခလေး [illegible] ခလေးသေတာ အရေးမကြီးသလို တာဝန်မဲ့နိုင်ငံရေးသမားတွေကလဲ ရာထူးရရင်ပီးရော ရာထူးကိုလုရင်း ပြည်ထောင်စုကြီး [illegible] ကို ဂရုမစိုက်ကြဘူး။

အဲဒီတော့ ကျွန်တော်ဟာ များများ [illegible] ပန်လိုပါဘူး တခုသဲ့တဲ့ တောင်းပန် [illegible] သာသနာရေးနဲ့ ပတ်သက်လာရင် လုံ [illegible] မရှိစေရပါဘူး ကျွန်တော်ဘို့မှာ ဒွိမ်းဒေး [illegible] လောက် အစွမ်းကုန်လုပ်ပြီးသွားတဲ့ လုပ်သားလဲ လုပ်ခဲ့ပြီးပါပြီ သာသနာကြီးပွားရေးအတွက် အနှစ်ရာယ်တွေ ပေါလာရင် [illegible] ခုခံကာကွယ်ပါမယ်။

ဒါပေမဲ့ပြည်ထောင်စုကြီးကို တည်တံ့ခိုင်မြဲအောင်လုပ်နေတဲ့ နေရာမှာတော့ ကျွန်တော်တို့နည်းနဲ့ ကျွန်တော်တို့လုပ်ပါရစေ၊ ပတ်ဝန်းကျင်အခြေအနေအရ ကောင်းတာတွေကို ရွေးပြီးလုပ်ပါရစေ။

အားလုံးသိခဲ့ကြတဲ့အတိုင်းဘဲ လွတ်လပ်ရေးမရခင်တုန်းက ဗုဒ္ဓသာသနာတော်ကြီးကို ဗုဒ္ဓဘာသာဝင်တွေဘာ ခိုးမြှောက် ဆောက်ပုံချင်သလောက် မချိုးမြှောက်ဆောက်ပုံနိုင်ခဲ့ဘူး။

အခုလွတ်လပ်ရေးရပြီးတဲ့နောက်မှ မကြိုစဘူးထူးထူးကဲကဲ လောက်ပုံနိုင်ခဲ့တာအထင်အရှားဘဲမဟုတ်လား အဲဒီတော့ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဖို့ဆောင် လွတ်လပ်ရေး ဘည်တံ့ခိုင်မြအောင်လုပ်နေတဲ့ လုပ်ငန်းတွေဟာ သာသနာကော် စည်ပင် ပြန့်ပွားအောင် လုပ်ပေးနေတဲ့ လုပ်ငန်းကြီးတရပ်ဘဲဆိုတာ အင်မတန်ထင်ရှားနေပြီမဟုတ်လား။

အဲဒီလို ရစာသင်ကျောင်းတွေမှာ တခြားဘာသာ သခ်ၤာစာတွေကို သင်ရုံနဲ့ ဗုဒ္ဓသာသနာတော်ကြီး ပျက်စီးမသွားနိုင်ပါဘူး

အဲဒီလိုသင်ရုံနဲ့ ဗုဒ္ဓဘာသာကြီး ပျက်စီးမယ်ဆိုရင် ပြည်ထောင်စုကြီး ဘာဖြစ်ဖြစ် ဘယ်နည်းနဲ့မှ မသင်ရေးပါဘူး၊ သာသနာတော်ကြီး ပျက်စီးရာပျက်စီးကြောင်းနဲ့ တည်တံ့ရာတည်တံ့ကြောင်းတွေကို အကဲဖြတ်နိုင်ရုံကလေး ပညာတတ်မှာ သစ္ဓညုတ ဉာဏ်ခတ်ရှင် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့တာ အထင်အရှားရှိသားဘဲ။

အဲဒီတော့ သာသနာရေး မဟုတ်တဲ့ ဝါဒသာသနာ ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်တယ်လို့ သစ္ဓညုတ ဉာဏ်တော်ရှင် မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် ဟောတော်မူခဲ့တဲ့ -ဝါ-နိုင်ငံရေး သက်သက်သာဖြစ်တဲ့ ဒီကိစ္စထဲမှာ ဖြစ်သင့်တာထက် ပိုပြီး စိတ်မဝင်စားကြဘို့ ကျွတော် ဓလေးလေးနက်နက် တကြွင်ထပ်ပြီး တောင်းပန်ပါတယ်။

ဒီကိစ္စဟာ ဘုရားမကြိုက်တဲ့ ကိစ္စဘဲလို့ တာဝန်ရှိတဲ့ လူတွေက ပြောကြပါ၊ မကြိုက်မကြပါ အဲဒီလောက် ပြောကြ ဆိုးမကြပြီးရင် တော်ပြီထင်တယ်။ ကျွန်တော်တို့လဲ သိပ်ပြီးနားလည်တဲ့ လူတွေမဟုတ်ပါဘူး နားလည်ပါတယ်။

ဒါပေမဲ့ ဒီနိုင်ငံဟာလဲ ဘုရားဒကာကျောင်း ဒကာတွေချည်းထဲသာ နေတဲ့နိုင်ငံ မဟုတ်ကြတဲ့ တွက် ပက်ရုံးရည်နဲ့ နှလုံးရည်တို့ကို သင့်သလို ကြည့်သုံးပြီး ပြည်ထောင်စုကြီးကို တည်ဆောက်သွားရမှာဘဲ။ ကျွန်တော့်တကိုယ်ထဲအတွက် ပြောရရင် အတိုအလင်းပြောပါရစေ။

အခက်အခဲတွေ ပြည်တွင်းပြည်ပ ဘေးရန်အန္တရာယ်တွေ တောင်ပုံ-ရာပုံ ဝိုင်းနေတဲ့အထဲက ပြည်ထောင်စုကြီးကို ဘေးအန္တရာယ်တွေ ကင်းလွတ်နိုင်သမျှကင်းလွတ်အောင်နည်းမျိုးစုံနဲ့ အစွမ်းကုန်နေမအား ညမအားကြိုးစားနေရတဲ့ အထဲမှာ ကိုယ်မယုံကြည်တဲ့ လမ်းစဉ်တွေ ကိုယ်တဝန်မခံနိုင်တဲ့ လုပ်ငန်းတွေ နိုင်ငံရေးမှုန်း သိရင်သားနဲ့ ကျားကျားမီးယပ်ဆိုတဲ့ သဘောမျိုးနဲ့ သာသနာရေးဖြစ်အောင် ဇွတ်တရွတ်လုပ်နေတဲ့ ကိစ္စမျိုးတွေကတော့ နားထောင်လို့မဖြစ်ဘူး

ကျွန်တော်တို့ရဲ့ ဘာသာရေး လှုပ်ရှားစဉ်ပေါ်မှာ ပြည်ထောင်စုကြီး တည်တံ့မြဲအောင်းပျက်ပြားမလားဆိုတဲ့ ပြဿနာကြီးဟာ ဘယ်တုန်းကမှ မတ်မတ်ကြီး တည်နေတယ်လို့ ကျွန်တော်တို့ခြိုး လည်မသုံ ယုံကြည်တယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး ဒီကနေ့အထိ ဘာမှမပြောကြသေးဘဲ ရောင့်နေတဲ့ လူတွေဟာ မပြောတတ်လို့ မဟုတ်ဘူး ကြောက်လို့လဲ မဟုတ်ဘူး

ကမ္ဘာလခန်ထားတဲ့ စံစမ်းရေးအဖွဲ့ကိုလဲ ပိုင်ကျယ်ပြန့်တဲ့ အဖွဲ့ပြုခဲ့အောင် တိုးချဲ့ခန့်ထားပြီး စံစမ်းစေမယ်။

ဒီစုံစမ်းရေးဒေသက

(က) နိုင်ငံတော်အစိုးရက အခြားဘာသာ သခင်ကောင်းစားများကိုလည်း ဘုရားသခင် သခင်ကောင်းစား သို့ သက်ဆိုင်ရာ ဒေသခံများအား အခွင့်ရေးပေးသွားသင့်ကြောင်းမှာ ဘိုသေးကို

(ခ) ကြိုက်လျှင် ပြည်ထောင်စု သားအားလုံး၏ စိတ်မချမ်းသာမှု မခြေရအောင် မည်ကဲ့သို့ သင်သင့်သည်။

(ဂ) မကြိုက် လျှင်လည်း မကဲ့သို့ စီမံသင့်သည်။

ဆိုသော အချက်များကို အခြားဘာသာဝင်များထံမှ အတိအကျ စုံစမ်း၍ နိုင်ငံတော် အစိုးရသို့ အကြံပေးနိုင်တယ်။

အခုကိစ္စမှာ မလွှဲသင့်ဘဲနဲ့ လွှဲသွားတာဟာ အမှန်စင်စစ်တော့ ကျွန်တော်တို့ရဲ့ အပြစ်တွေ့ အများကြီး ပါပါတယ်။

[illegible] ကမ္ဘာတစ်လွှား [illegible] တွေကို အနုပုံ ရှာသည်ရှာသား [illegible] စုံစုံ တခါမှ ရှာဖူးမပြခဲ့သူတွေ [illegible] တို့ စုံစုံလင်လင် ရှာမပြမိဘဲ အသွားအလာ [illegible] စိတ်မချမ်းမြေ့ခြင်း ဖြစ်ကြရတဲ့ လဇ္ဇိုးပေသလ၊ သိက္ခာကာမ၊ သီလဝန္တ၊ ဂုဏဝန္တိ၊ ပညာဝန္တိ၊ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များကို ဂုဏ်း၊ လူပုဂ္ဂိုလ်များကိုဂုဏ်း အကူးဂါရာ [illegible] ပြီး ရှိသေစွာ ဆောင်းပန်လိုက်ပါတယ် [illegible]။

ပြည်ထောင်စုထဲက လူများစုဗမာလွှဲ [illegible] တာကိုဘယ်လောက်အထိ လုပ်နိုင်သလဲဆိုတာကို ခင်ဗျာမင်ဗျာမကလေး စောင့်ကြည့်နေတာဘဲ ဖြစ်တယ်ဆိုတာ ကျွန်တော်သတိပေးချင်တယ်။

၁၉-၉-၅၄ ရက်နေ့က ဗုဒ္ဓသာသနာ့အဖွဲ့ချုပ် အမှုဆောင် လူကြီးများ စည်းဝေးကြပြီး ကျွန်တော်တို့ဆီကို ပို့လိုက်တဲ့ မေတ္တာရပ်ခံချက်ဟာ ကျွန်ဘော်တို့ လက်ခံနိုင်တဲ့ လမ်းစဉ်လေးဖြစ်တယ် ဒီမေတ္တာရပ်ခံချက်မှာ ၂-ပိုင်းပါတယ် ပိုင်းက ဗုဒ္ဓဘာသာ သခင်ကောင်းစားများကို အကာအကွယ်အတိုင်းဘဲ ပြန်ပြီးသင်ပေးပါလို့ မေတ္တာရပ်ခံတယ်။

စက်တင်ဘာလ ၂၇-ရက် တနင်းလာနေ့ကစပြီး ပြန်သင်တို့ ကျွန်တော်တို့ အမိန့်ထုတ်ပေးလိုက်ပြီး အခြားတပိုင်းက အခြားဘာသာသခင်ကောင်းစားများကို သင်ကြားရန် ကိစ္စနဲ့ ပတ်သက်ပြီး စုံစမ်းရေးအဖွဲ့တခု ဖွဲ့စည်းဘို့ ဆေးရုံရပ်ထားတယ်။

အစိုးရ စာသင်ကျောင်းများမှာ အခြားဘာသာ သခင်ကောင်းစားများကို သင်ကြားပေးဘို့ ကျွန်တော်တို့ ဆုံးဖြတ်ခဲ့ပေမဲ့ ဒီဘာသာသခင်ကောင်းစာတွေကို စာသင်ကျောင်းတွေမှာ ချက်ချင်းသင်ကြားပေးဘို့ မဟုတ်သေးပါဘူး စုံးစမ်းရေးအဖွဲ့တခုကို ဖွဲ့ပြီးလို့ စုံးစမ်းပြီးမှ သင်ကြားမေးကို ဆဲဖြစ်တယ်။

အဲဒီ စုံးစမ်းရေးအဖွဲ့ကို ဖွဲ့ပြီးခါစမှာ ကျွန်တော်တို့ ချမှတ်ခဲ့တဲ့ အမိန့်ရဲ့ အဓိပ္ပါယ်ကြီး ၅-ပိုင်းကို ပြန်ကြည့်ရင် ဒီအတိုင်း တွေ့ပါလိမ့်မယ်။

အဲဒီတော့ ဗုဒ္ဓသာသနာ့ အဖွဲ့ချုပ် အမှုဆောင် လူကြီးများရဲ့ ဒုတိယ မေတ္တာရပ်ခံချက်ကိုလဲ ကျွန်တော်တို့ လက်ခံနိုင်တယ် အစိုးရ